တရား။ ဝိညာဏ်မြင် သမ္မုတိသစ္စာ။ ပညာမြင် ပရမတ္ထ သစ္စာ မဟုတ်ဘူး။ ဝိညာဏ်မြင် သမ္မုတိ သစ္စာကို ဟောတာ။ ကံ ကံရဲ့အကျိုးကို ယုံကြည်ရ မယ်။ အားကိုးရမှာက ဉာဏ်၊ ယုံကြည်ရမှာက ကံ။ အားကိုးရမှာ ဉာဏ်၊

ဉာဏ်ဆိုတာ....သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ=ပညာမဂ္ဂင်နှစ်ပါး၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ= သမာဓိမဂ္ဂင် သုံးပါး။ ပေါင်းလိုက်တော့ ရှုဉာဏ် မဂ္ဂင် ငါးပါး။ အမြင်ခံ အရှုခံက ခန္ဓာငါးပါး။ အာရုံ အာရမ္မဏိက ပိုင်းခြား။ ခန္ဓာငါးပါးက အာရုံတရား၊ မဂ္ဂင်ငါးပါးက အာရမ္မဏိက တရား။ အာရုံ အာရမ္မဏိက။ အဲဒါ လိုတယ်။ တရား အားထုတ်တယ်ဆိုတဲ့ ကိစ္စတွေ၊ တရား ဆိုတာ မှန်တာ၊ မှန်တာကို တရားလို့ ခေါ်တယ်၊ ဒါကြောင့်မို့ မိုးကုတ် ဆရာတော် ဘုရားကြီးက မဂ် ဉာဏ်၊ရချင် ဝိပဿနာဉာဏ် အားထုတ်၊ ဝိပဿနာဉာဏ်ကို ရချင်ရင် သက္ကာယဒိဋ္ဌိ အရင်ဖြုတ်၊ သက္ကာယဒိဋ္ဌိ ဖြုတ်ချင်ရင် ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိအောင်လုပ်။ ခန္ဓာတဲ့။ ပဋိစ္စသမုပ္ပါဒ်ကို သိအောင် လုပ်ပါတဲ့။ ဒါတော့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်။ ဟော- အဲဒါ အခံဓာတ်တွေ၊ အာရုံ အာရမ္မဏိက။ ပြန်ပြီးတော့ လေ့လာ ကြစို့။

<u>အာရုံမှန်တော့ သဒ္ဓါ မှန်တယ်။</u>

မျက်စိအကြည်၊ နားအကြည်၊ နှာခေါင်းအကြည်၊ လျှာအကြည်၊ ကိုယ်အကြည်၊ မနော အကြည်။

အာရုံ= ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ။

မျက်စိ အကြည် ရှိတော့ ရူပါရုံ အဆင်း မတိုက်ဘူးလား၊ မြင်တဲ့စိတ် မပေါ်လား။ ငါ မြင်တာလား မြင်သိစိတ်လား။ မြင်သိစိတ် နော်။ အဲသည့် မြင်သိစိတ်ဆိုတဲ့ မြင်သိစိတ်လေးဟာ မျက်စိ အကြည်နဲ့ ရူပါရုံအဆင်း မတိုက်ခင် ဘယ်ဆီမှာ နေတယ်လို့ လက်ညိုး ညွှန်ပြခြင်းငှာ ထိုက်ကဲ့ လား။ ဟော နှစ်ခု တိုက်တော့လည်း မြင်စိတ်လေး မပေါ်ဘူးလား။ ငါမြင်တာလား မြင်သိစိတ်လား။ မြင်သိစိတ်တဲ့။ ငါ မပါဘူးနော်။ ကဲ မြင်သိစိတ် တစ်ဝိညာဏ်တည်း မြင်သိလို့ ဖြစ်ကဲ့လား။ မဖြစ်ရင် သူနဲ့ သဟဇာတဖြစ်တဲ့ ဝေဒနာ သညာ စေတနာ မပါလား။ အဆင်းလို့ ခံစားတာ လူလား၊ ဝေဒနာ လား။ နတ်လား၊ ဝေဒနာလား။ ပြဟ္မာလား၊ ဝေဒနာ လား။ ဟော လူ မပါဘူးနော်။ ဝေဒနာ။ အဆင်း လို့ မှတ်တာ။ လူ၊နတ်၊ပြဟ္မာလား သညာလား။ ခံစားနိုင်အောင် စေ့ဆော်တာ။ မှတ်နိုင်အောင် စေ့ဆော်တာ။ လူ၊နတ်၊ပြဟ္မာလား- စေတနာလား။ ဝေဒနာ၊သညာ၊စေတနာ သုံးခု ပေါင်းတော့ နာမက္ခန္ဓာ လေးပါး မပြည့်လား။ ဤလေးပါး ပြည့်စုံမှ မြင်သိစိတ် ဖြစ်တာ။ လူ၊နတ်၊ပြဟ္မာလား နာမက္ခန္ဓာ လေးပါးလား။ မျက်စိ အကြည်ကား၊ လူ၊နတ်၊ပြဟ္မာ ဟုတ်ကဲ့လား။ ရူပါရုံ အဆင်း ကား

www.thitsarparamisociety.com



လူ၊နတ်၊ပြဟ္မာ ဟုတ်ကဲ့လား။ ခန္ဓာဖွဲ့ကြည့်တော့ ရူပက္ခန္ဓာ မရလား။ နာမက္ခန္ဓာ လေးပါးနှင့် ရူပက္ခန္ဓာ ပေါင်း။ အဲဒါ- အမြင်ခံ၊ အရှုခံတရား ပေါ့၊

ရှုဉာဏ်က...သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင် နှစ်ပါး။ သမ္မာဝါယာမ သမ္မာသတိ သမ္မာ သမာဓိ၊ သမ္မာစိမဂ္ဂင် သုံးပါး။ ပေါင်းလိုက်တော့ မဂ္ဂင်ငါးပါး။ အမြင်ခံ အရှုခံက ခန္ဓာငါးပါး။ ရှုဉာဏ်က မဂ္ဂင်ငါးပါး။ အာရုံ- အာရမ္မဏိက ပိုင်းခြားတော့ ခန္ဓာငါးပါးက အာရုံ တရား။ မဂ္ဂင်ငါးပါးက အာရမ္မဏိက တရား။ အာရုံမှန်တော့ သဒ္ဓါ မှန်တယ်။ ယုံကြည်တယ်၊ ဘယ်လို ယုံကြည်တာလဲ။ ရူပက္ခန္ဓာ- ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ၊ လူ မဟုတ်ဘူး ခန္ဓာငါးပါး။ အဲဒီ ယုံကြည်တဲ့ ပုဂ္ဂိုလ်ကို လူရှိတယ်၊ နတ်ရှိတယ်၊ ပြဟ္မာရှိတယ်လို့ ဘယ်လိုပဲ ပြောပြော သူ လက်မခံတော့ဘူး။ လက်ခံပါ့မလား။ လက်မခံတော့ဘူး။ ဒါကြောင့် အာရုံမှန်တော့ သဒ္ဓါမှန်တယ်။ အာရုံက ခန္ဓာငါးပါး။ အာရုံမှန်တော့ သဒ္ဓါမှန်တယ်။ အဲဒါ စိစစ်ဖို့ လိုတယ်။

တစ်ခါ ဆက်ပြီးတော့ ကြိုးစားကြဦးစို့။ အဲလို ကြိုးစားတဲ့အခါ...

ရူပက္ခန္ဓာကြီး ဖောက်ပြန်ပြီးတော့ မပျက်လား။ ဝေဒနာ ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီး တော့ မပျက်လား။စေတနာ စေ့ဆော်ပြီးတော့ မပျက်လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ ဟော ဖြစ်ပျက်ပဲ တွေ့တယ်နော်။

ဒါတော့ အနိစ္စ တွေ့တဲ့အချိန် ခန္ဓာငါးပါး အနိစ္စ၊ အနိစ္စ တွေ့တဲ့အချိန် ခန္ဓာ တွေ့သေးရဲ့ လား။ ခန္ဓာ မတွေ့တော့ဘူး နော်။ အဲဒါ ယုံကြည်ဖို့ မကောင်းလား။ အာရုံ အာရမ္မဏိက ပိုင်းခြားဖို့ လိုတယ်။ အဲသည့် ငါးပါးစလုံးက အာရုံက အနိစ္စလို့ မပြလား။ သိတဲ့ ဉာဏ်လေး က အနိစ္စလို့ မသိလား။ အာရုံက ဒုက္ခလို့ မပြလား။ သိတဲ့ ဉာဏ်လေးက ဒုက္ခလို့ မသိလား။ အာရုံက အနတ္တလို့ မပြလား။ သိတဲ့ဉာဏ်က အနတ္တလို့ မသိလား။ အာရုံ အာရမ္မဏိက။ အာရုံ မှန်တော့ သဒ္ဓါ မှန်တယ်။ အနိစ္စ၊ ဒုက္ခ၊အနတ္တ၊ စုလိုက်တော့ ဖြစ်ပျက်လို့ မဟောလား။ ဘာ သစ္စာလဲ။ ချမ်းသာတဲ့ တရားလား၊ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတယ်လို့ အမှန် သိသွားပြီနော်။ စဉ်းစား -စဉ်စား။ ဆင်းရဲတယ်လို့ အမှန်သိသွားရင် သမ္မာဒိဋ္ဌိပေါ့။ အဲလို စိစစ်ဖို့ မကောင်းလား။

အဲလို အမှန်သိတဲ့ ပုဂ္ဂိုလ် ဒုက္ခသစ္စာလို့ အမှန်သိတဲ့ပုဂ္ဂိုလ် လူချမ်းသာ ရှိတယ်၊ နတ်ချမ်းသာ ရှိ တယ်၊ ပြဟ္မာချမ်းသာ ရှိတယ်လို့ ဘယ်လိုပဲ ပြောပြော သူ လက်ခံပါ့မလား။ တွေ့နေတာ က လူချမ်းသာ တွေ့တာလား။ ဒုက္ခသစ္စာလား။ နတ်ချမ်းသာ တွေ့သလား။ ဒုက္ခသစ္စာလား။ ပြဟ္မာ ချမ်းသာ တွေ့သလား။ ဒုက္ခသစ္စာလား။ အာရုံမှန်တော့ သဒ္ဓါ မှန်တယ်နော်။ အာရုံက ဒုက္ခသစ္စာ ကွဲ့။ ဒါတော့ လူချမ်းသာ တွေ့သလား။ ဒုက္ခသစ္စာ။ ဒါ အမှန်သိတော့ အများ မပျောက်လား။

www.thitsarparamisociety.com



လူချမ်းသာ၊ နတ်ချမ်းသာ ၊ပြဟ္မာချမ်းသာလို့ နလုံးသွင်း မှား.....။ နလုံးသွင်း မှားတဲ့ အဝိဇ္ဇာ ချုပ်-မချုပ်။ အဝိဇ္ဇာ ချုပ်ရင် အရင်း လဲရင် အဖျား ထင်း ဖြစ်တယ်လို့ ဆရာတော်၊ သမားတော်တွေ မပြောလား။ တဏှာ၊ ဉပါဒါန် လာသေးရဲ့လား။ စဉ်စား။ ကဲ ကိလေသဝဋ္ဋ ချုပ်တာပေ့ါ။ ကဲ ကိလေသဝဋ္ဋ။

တရား အားထုတ်တယ်၊ တရား နာတယ်… ကိလေသဝဋ္ဋ ချုပ်ဖို့ အဓိက ၊ ကိလေသဝဋ္ဋ ချုပ်ရင် ကမ္မဝဋ္ဋ လာဦးမလား။ ကမ္မဝဋ္ဋ မလာ…နောက်ခန္ဓာ ပေါ်ဦးမလား။ ခန္ဓာ မရှိတာ နိဗ္ဗာန်ကွဲ့။ ကိလေသာ မရှိတာ နိဗ္ဗာန်တဲ့ ကြားလား။ နိဗ္ဗာန်ဟာ ဝင်းဝင်းကြီး ပေါ်လာလိမ့်မယ်လို့ မအောက်မေ့နဲ့။ ဟိုမှာ သည်မှာလို့ မယူဆနဲ့ ကြားလား။ ကိလေသာ ချုပ်တာ။ ခန္ဓာ ချုပ်တာ။ ခန္ဓာ မရှိတော့ မငြိမ်းဘူးလား။ ကိလေသာမရှိတော့ မအေးလား။ ငြိမ်းတဲ့ သဘောနဲ့ အေးတဲ့ သဘောကို နိဗ္ဗာန်လို့ ခေါ်တာဗျား။ အဲလို စိစစ်ဖို့ မကောင်းလား။

အဲလိုသာဆို နလုံးသွင်း မှန်မယ်ဆိုရင် မနက်စာ အားထုတ် ညနေ ရတယ်။ ညနေ အားထုတ် မနက်စာ ရတယ် မပြောဘူးလား။ ကြာရင် ခုနစ်ရက်။ ခု တစ်လ နေလည်း မတွေ့၊ တစ်နှစ်ကြာလို့လည်း မတွေ့။ သုံးနှစ်ကြာလို့လည်း မပေါ် နလုံးသွင်း မှားတာဗျာ။ နလုံးသွင်း မှားတော့ လွယ်ပါ့မလား ဟေ့။ လွယ်ဘူးကွဲ့။ မလွယ်တာ ဘယ်လိုလဲ။ မြတ်စွာဘုရား ရှိစဉ် က ဆန္ဒဆိုတဲ့ ရဟန်း ဘုရားနဲ့ ဖွားဖက်တော်။ မြတ်စွာဘုရား လေးဆယ့် ငါးဝါ ပြုလို့ ။ (ဝါတော် လေးဆယ်) သက်တော် ရှစ်ဆယ် ဟော။ ပရိနိဗ္ဗာန် ပြုသွားပြီ။ ဆန္ဒ ရဟန်းဟာ သောတာပန် မတည်ဘူးကွဲ့။ ဒါ ဖြစ်ပျက်ပဲ ရှုနေတာနော်။ ဖြစ်ပျက်ချည်း ပဲ ရှုနေတာ။

ဘာကြောင့် မရတာလဲလို့။ ပရိညာ သုံးပါးမှာ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ။ ဉာတပရိညာ၊ မပါဘူး။ ငါမပြုတ်လို့။ ငါမပြုတ်လို့။ ဒိဋ္ဌိ ငါ မပြုတ်လို့။ ဒိဋ္ဌိ ငါ မပြုတ်လို့။ တဏှာ သတ် လေ့လာတာ ဖြစ်ပျက်။ ဒိဋ္ဌိ ငါ ပြုတ်ပြီးကာမှ ဖြစ်ပျက်လေ့လာရမှာ။ ဒိဋ္ဌိ မပြုတ်ဘဲနဲ့ လေ့လာတော့ တဏှာသတ်ပေ့ါ။ မြတ်စွာဘုရား အရင်းကျကျ လေ့လာ ကြည့်တော့ကာ ဒိဋ္ဌိသတ် တရားဗျား။ စဉ်းစားနော်။

ကဲ ဒိဋ္ဌိ ပြုတ်ပြီးပြီ ဆိုတဲ့အခါ ခြောက်ဒွါရမှာ ပေါ်ချင်တဲ့တရားပေါ်။ သဗ္ဗေ သင်္ခါရာ အနိစ္စာ လို့ မပြောဘူးလား။ ကဲ ပေါ်လာတဲ့ တရားတွေဟာ အနိစ္စမှာ လမ်းဆုံးတယ်။ မဆုံးဘူးလား။ ဝေဒနာ ပေါ်။ ဒါ ဝေဒနာက ပေါ်ပြီးမပျက်လား။ သညာကလည်း ပေါ်ပြီးမပျက်လား။ တိတိကျကျ ပြော မယ် ဆိုရင် ဝေဒနာက ခံစားပြီးတော့ မပျက်လား။ သညာ မှတ်ပြီး မပျက်လား။ စေတနာ စေ့ဆော်ပြီး တော့ မပျက်လား။ ဝိညာဏက္ခန္ဓာ သိပြီးတော့ မပျက်လား။ ရူပက္ခန္ဓာ ဖောက်ပြန်ပြီးတော့ မပျက်

www.thitsarparamisociety.com



လား။ ခန္ဓာငါးပါး တွေ့သလား။ မရှိတာ တွေ့သလား။ မရှိတာ အနိစ္စ။ ကဲ တွေ့တာ အနိစ္စ တွေ့တယ်နော်။ ခန္ဓာ တွေ့တာလား။ မရှိတာ တွေ့တာလား။ ဒါ အနိစ္စလို့ မပြောဘူးလား။ သိတာ က မဂ္ဂ လို့ မပြောဘူးလား။

တဏှာ လာသေးရဲ့လား။ ဉပါဒါန် လာသေးသလား။ ကံ လာသေးလား။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား။ တဏှာ ပဋိစ္စသမုပ္ပါဒ်၊ ဉပါဒါန် ပဋိစ္စသမုပ္ပါဒ်၊ ကံပဋိစ္စသမုပ္ပါဒ် ။ သုံးမျိုး ပြတ် တယ်။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓသစ္စာလို့ မပြောဘူးလား။ အဲလို စဉ်းစား ။ နိရောဓသစ္စာ။ ဒါ ခန္ဓာချုပ် ကိလေသာ ချုပ်ပေါ့။ အဲဒီနေရာ ရောက်အောင် ကြိုးစား အားထုတ် ရမယ် ကြားလား။ အဲဒီ အသိဉာဏ်လေးရ ပြီးတော့မှ ပေးမယ် ကမ်းမယ် လှူမယ် ဒါန်းမယ် ဆိုရင် နိဗ္ဗာနသဿ ပစ္စယော ဟောတု။ နိဗ္ဗာန်က လွဲလို့ ဘယ်ဘုံမှ မလိုဘူးပေါ့နော်။ လိုရဲ့လား။ သုံးဆယ့်တစ်ဘုံ က မလိုချင်လို့ လှူတာကွဲ့။ သစ္စာကို သိပြီးတော့ လှူတာ အင်မတန် ဆင်းရဲတဲ့တရားကိုး။ ခန္ဓာရတဲ့ ပုဂ္ဂိုလ်ဟာ အို၊ နာ၊သေ လွတ်ကဲ့လား။ သူဌေးကြီး က လည်း အို၊ နာ၊သေ လွတ်ကဲ့လား။ ရှင်ဘုရင်ကြီးကော အို၊ နာ၊သေ လွတ်ကဲ့လား။ မလွတ်ဘူး နော်။ ဘာ သစ္စာ လဲ။ အဲလို သိတဲ့ အခါ ခန္ဓာက လွတ်ချင်လို့ လှူတဲ့ အလှူ ဆိုတော့ကာ ဝိဝဋ္ဋဒါန လို့ မပြောလား။ ကဲ အဲဒါ ခန္ဓာကို အကျိုး အပြစ်ကို သိလို့ လှူကာမှ မဂ္ဂ-နိရောဓလို့ ဟောတာဗျား။ အဲလို စိစစ်ဖို့မကောင်းလား။ ကံကို ယုံကြည်ရမယ်နော်။ ဉာဏ်ကို အားကိုးရမယ်ကြားလား။ ယုံကြည်ဖို့ မကောင်းလား။

<u>အန္ဓဘာရ မြက်ရိတ်သမား။</u>

ကဲ တစ်ခါ ပြန်ပြီးတော့ လေ့လာကြဦးစို့။ ကံဘက်က ဆရာတော် သမားတော်တွေ ပြောကြတယ်။ ညောင်စေ့လောက် လှူပြားသော်လည်း ညောင်ပင်ကြီးလောက် ရတယ်။ ညောင်ပင်ကြီးလောက် လှူပြားသော်လည်း ညောင်စေ့လောက် ရတယ်။ ကြားဖူးကြရဲ့လား။ ကြားဖူးတယ်နော်။

ရှေးထက်ကျော်ကာရီက အန္ဓဘာရ မြက်ရိတ်သမားရဲ့ ဆွမ်းအလှူ၊ မြက်ရိတ်ပြီးတော့မှ အဲဒီ မြက်ကို ရောင်းပြီးတော့မှ စားဝတ်နေရေး ရှာရတာ။ အန္ဓဘာရ မြက်ရိတ်သမား ဆောင်း…ရာသီဉတုက ဆောင်းရာသီ။ စောစော စီးစီး ထမင်း ချက်ထားတယ်။ အပြန်ကာ လွယ်လွယ် စားဖို့။ ရာသီဉတုနဲ့ ပတ်သက်လို့ ဆောင်းရာသီ။

မြက်ရိတ်လို့ ပြန်လာခဲ့တဲ့ အခါ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ဖလသမာပတ်က အထွက် ဆွမ်းခံ ကြွလာ။ အန္ဓဘာရ မြက်ရိတ်သမားက မြက်ရိတ်လို့ အပြန် သွားတွေ့။ အရှင်ဘုရား။ အရှင် ဘုရား။ ရပ်ပါဦး ဘုရား။ တစ်မြို့လုံးမှာ ကြည့်ချင်သလိုကြည့် တပည့်တော်လောက် ဆင်းရဲတဲ့ ပုဂ္ဂိုလ် တစ်ယောက်မှ မရှိဘူး။ ဒီနေ့တော့ တပည့်တော်ကို ချီးမြှောက်တော်မူပါတဲ့။ အဲတာ နဲ့ ဆိတ်ဆိတ်

နေတယ်။ သူ့နောက်ကို လိုက်သွားတယ်။ မြို့ထဲဝင်လို့ တစ်ပြ နှစ်ပြ သွားတော့ သူ့အိမ်ဝန်း ပေါက်ကို ရောက် သူဌေးကြီးရဲ့ အိမ်ဝန်း နောက်ဖေး တန်းလျားလေး မှာ နေလို့ မြက်ရိတ် ပြီးတော့ ရောင်းစားရတယ်။

မြက်ရိတ်လို့ အပြန်မှာ စားဖို့လို့ ချက်ထားခဲ့တဲ့ ထမင်းကို ခူးပြီးတော့မှ ငါးပိဖုတ်လေးနဲ့ လှူလိုက် လောင်းလိုက်တယ်။ မနက်စောစောက ချက်ထားခဲ့တယ်...ဆောင်းရာသီကြီး ဆိုတော့ အေးနေ တာ ပေါ့။ ငါးပိဖုတ်ကလည်း ဆီပါပုံ မကြဘူး။ အရှင်ဘုရားကို ဒီနေ့ ဆွမ်းလှူခဲ့ တဲ့ ကိစ္စ ကုသိုလ်ကံ စေတနာကြောင့် ဒီနေ့ အချိန်ကာစ မရှိ မဝ မလှ ဆိုတာ တပည့်တော် မကြားပါရစေနဲ့။ အသင် တောင်းတဲ့ဆု အတိုင်း ပြည့်စေတဲ့။ ထီးချက်စောင့် နတ်သမီးက သာဓု ခေါ်တယ်။ သုံးကြိမ်။ အသံက ဆာဆာနေလို့ အသံက အလွန်ကောင်း။ ဆာဆာ လာလာ။

 သူဌေးကြီးက ကြားတယ်။ အခု..သာဓုခေါ်တာ ဘယ်သူလဲ။ ငါ ထီးချက်စောင့် နတ်သမီး။ ဘယ်သူ့ အလှူ သာဓုခေါ်တာလဲ။ အန္နဘာရ မြက်ရိတ်သမားရဲ့ ဆွမ်းအလှူကို ငါ သာဓု ခေါ်တယ်။ ငါ ခါတိုင်း က ရှင်ပြုခဲ့တာ အပါး တစ်ထောင်ကျော်ပြီ။ တစ်ခါမှ မခေါ်ပါလား။ ရဟန်းခံတာ လည်း ထောင့်ငါးရာ ကျော်ပြီ။ တစ်ခါမှ မခေါ်ဘူး။ ဘုရား တည်တာလည်း မခေါ်ဘူး ။ ကျောင်း ဆောက်တာလည်း မခေါ်။ အမျိုးမျိုး ကုသိုလ်လုပ်တာ ဘာပြုလို့ မခေါ် သလဲ။

သူဌေးကြီးရဲ့အလှူ ငါ သာဓု မခေါ်နိုင်ဘူး။ ဘာဖြစ်.....။ ဆန်တစ်တင်းမှာ နို့ဆီနှစ်လုံး လျော့ ပါတယ်။ တစ်လုံး လျော့ပါတယ်။ တစ်ပိဿာမှာ နှစ်ကျပ်သားလျော့။ သုံးကျပ်သားလျော့ ပါတယ်။ မခေါ်နိုင်ဘူးတဲ့ ကြားလား။ သီလနဲ့ မပြည့်စုံဘူးတဲ့။ သူဌေးကြီး လှူတာ နည်းတာ မဟုတ်ဘူး။ ပရိသတ် တစ်ခါတစ်ခါပင့် သောင်းချီပင့်တယ်။ ပရိသတ်တွေ ကူညီ ထောက်ပံ့ ငွေရတာက တစ်မျိုး ။ ကျွေးတာက ကုန်းသတ္တဝါ- ဟော ရေသတ္တဝါ။ ကုန်းသတ္တဝါ မစားတဲ့ သူ ရေသတ္တဝါ။ ရေသတ္တဝါ မစားတဲ့တော့ သတ်သတ်လွတ် စုံအောင် ကျွေးတာ။ ဗလာတီးက တစ်မျိုး၊ အငြိမ့်က တစ်မျိုး။ ဇာတ်က တစ်မျိုး။ ပရိသတ်ကြိုက်အောင် ငှားတာ။ ကြည့် ပရိသတ်တွေက အားရပါးရ ပွဲ။ အဲဒီ အလှူမျိုးတော့ မတွေ့ဘူး မကြုံဘူး။ တော်ပါပေတယ် ကွဲ့။ သူဌေးကြီး လို့ ချီးမွမ်းကြတယ်။ ပရိသတ်တွေက ကြားလား။ စဉ်းစားဖို့ မကောင်းလား။ ထီးချက်စောင့် နတ်သမီးက သာဓုမခေါ်ဗျား။ ဒါကြောင့် ညောင်ပင်ကြီးလောက် လှူပြားသော် လည်း ညောင်စေ့ လောက်ရ။ သန့်ရှင်းရဲ့လား။ သီလနဲ့ မပြည့်စုံဘူး။ အန္နဘာရက သီလနဲ့ ပြည့်စုံတယ်။ ကြားလား။

အဲဒါနဲ့ အန္နဘာရ ဟေ့ မင်းအလှူ ငါ့ကို ရောင်း။  အသပြာ တစ်ထောင် ပေးမယ်။ သူဌေးကြီး က အသပြာ တစ်ထောင် ပေးတာ မရောင်းနိုင်ဘူး တဲ့။ ငါ မွဲတယ်တဲ့။ ဘုန်းကြီးက မွဲရင်တော့

ရောင်းလိုက်တော့ မှာကွဲ့။ မရောင်းနိုင်ဘူးတဲ့။ ငါ မွဲတယ်တဲ့။ သို့မဟုတ်ရင်လည်း အမျှ ပေးတဲ့။ မင့်အလှူ ။ သူဌေးကြီး အမျှ ပေးလိုက်ရင် ငါ့ပဟာတွေ လျော့ကုန်မလား မသိဘူး တဲ့။ ငါလှူတဲ့ အရှင်သခင် မေးဦးမယ်တဲ့။ ရုတ်တရက် ငါမပေးနိုင်ဘူးတဲ့။

သွား…တောရ ဆောက်တည်တဲ့ အရှင်သခင်သွား မေး။ တပည့်တော် အလှူကို သူဌေးကြီးက ဝယ်တယ်ဘုရား။ အသပြာ တစ်ထောင် တပည့်တော် မရောင်းနိုင်ဘူး။ မရောင်းနိုင်လည်း အမျှ ပေးပါလို့ တောင်းတယ်။ အမျှပေးရင် လျော့မလား။ မလျော့ဘူးလားဘုရား။ မလျော့ ဘူး ပေးသာ ပေးလိုက်။ မလျော့ဘူး ဆိုတာ တပည့်တော် နားမလည်ဘူး။ မလျော့တာ သိချင်သေးတယ်။ အဲဒါ ရှင်းပေးပါတဲ့။ မလျော့ဘူး ဆိုတာ တပည့်တော် နားမလည်ဘူး။ အဓိပ္ပာယ် မပေါက်ဘူး။ မလျော့ တာ သိချင်တယ်တဲ့။ အလွန် မေးတတ်တယ်။

ဘုန်းကြီးတို့သာ ပေးသာ ပေးလိုက်ဆို ပေးတော့မှာ။ အဓိပ္ပာယ် မသိဘဲ နဲ့ပေးလိုက်မှာ ကြားလား။ အဲဒါ သိချင်တယ်တဲ့။ ကောင်းပြီ။ အကာလ ညအခါ မီးထွန်းထား။ မြောက်က အိမ်က မီးလာညှိ ထွန်းမယ်။ မြောက်က အိမ်ကိုယူ မြောက်က အိမ်မှာ မီး မလင်းဘူးလား။ သူ့မီး လျော့ရဲ့လား။ တောင်က အိမ်က လာညှိထွန်း။ တောင်က အိမ်မှာ မီးမလင်းလား။ သူ့မီးကား လျော့ရဲ့လား။ အနောက်အိမ်က လာညှိထွန်း။ အနောက်က အိမ်မှာ မီးမလင်းလား။ သူ့မီးကား လျော့ရဲ့လား။ အရှေ့အိမ်က လာညှိထွန်း။ အရှေ့က အိမ်မှာ မီးမလင်းလား။ သူ့မီးကား လျော့ရဲ့လား။ တစ်ရွာလုံးက ညှိထွန်းတော့။ တစ်ရွာလုံး မီး မလင်းလား။ သူ့မီး လျော့ရဲ့လား။ ကျေနပ်ပြီတဲ့။ ပေးတော့မယ်တဲ့။ အဲဒီလို အဓိပ္ပာယ်သိဖို့ လိုတာ။ အခုက သိ ဟန်ဆောင်တာ ခက်တယ်နော်။ စဉ်းစားဖို့ မကောင်းလား။ မသိဘဲနဲ့ ပေးလိုက်တာတွေ ထိထိမိမိ မရှိဘူး။ အဲဒီလို သိအောင် လိုသေး တယ် ကြားလား။

ညောင်စေ့လောက် လှူခြားသော်လည်း ညောင်ပင်ကြီးလောက် ရတာ ဟိုက ညောင်ပင်ကြီး လောက် လှူခြား သော်လည်း ညောင်စေ့လောက် ပော့။ ကဲ ဘယ်မှာ ကွာတာလဲ။ သီလ ပြည့်စုံတာ နဲ့ မပြည့်စုံတာ မခြားနားဘူးလား။ အဲ သီလ ခြံရံတဲ့ အလှူကွဲ့။ သီလခြံရံတဲ့အလှူ။ သူဌေးကြီးက လောဘခြံရံတဲ့အလှူ။ အဲဒီ လှူချင် တန်းချင်တာ ငါလား စေတနာလား။ လူလား စေတနာလား။ နတ်လား စေတနာလား။ ပြဟ္မာလား စေတနာလား။ အဲ  အဲဒီ အလှူ စေတနာကို လောဘ ခြံရံ တာ။ လူချမ်းသာ ဖြစ်ချင်တာ လောဘ။ နတ်ချမ်းသာ ဖြစ်ချင်တာ လောဘ။ ပြဟ္မာချမ်းသာ ဖြစ်ချင်တာ လောဘ။ ကဲ အနွဘာရ သီလခြံရံတယ်နော်။

အဲဒီဘဝက သေသွားတဲ့အခါ .... အနုရုဒ္ဓါ မင်းသား။ အနုရုဒ္ဓါ မင်းသား သွားဖြစ်တယ်။ ဘုရား ညီတော်ပေါ့ကွာ။ တစ်ဆယ်၊ တစ်ဆယ့်နှစ် အရွယ် ရောက်တော့ ဒိုးထိုး ကစားတယ်။ ပေသီးပေါက် ကစားတယ်။ ဂျင် ကစားတယ်။ ဆာလောင် မွတ်သိပ်တဲ့ အခါ မိခင်ဆီမှာ စားစရာ သွား အတောင်း ခိုင်းတာ မိခင်ကလည်း အဆင်သင့်။ သား တောင်းတဲ့အခါ ပေးနိုင်အောင်လို့ အဆင်သင့် လုပ်ထား တယ်။ တစ်နေ့သဉ္စတော့ ရပ်ဝေး ဧည့်သည်တွေက ရောက်တော့ ဧည့်သည်တွေ နဲ့ စကား ပြော ရတာ နဲ့ သားအတွက် သားရေစာ မလုပ်နိုင်ဘူး။ အတောင်း ခိုင်းတဲ့အခါကျတော့ ငါ့သားရယ် ဒီနေ့တော့ကာ သားရေစာ ဧည့်သည်တွေ ရောက်လို့ မလုပ်နိုင်ဘူး။ စားစရာ မရှိဘူး။ ပြောတော့ စားစရာ မရှိဘူးတဲ့လို့။ အဲဒီ မရှိတဲ့ မုန့်ကို သွားတောင်းချေ ခိုင်းတော့တာ မရှိတဲ့မုန့်ကို ပေးလိုက်ပါ တဲ့ ဗျား။ ဟိုက လွှတ် အင်း ငါ့သား ငါ့သား။ မရှိတာ နားမလည်ဘဲ ကိုး။ မရှိတဲ့ အကြောင်းကို သိစေရမယ်လို့ အုပ်ခွံ့ပဲ ပေးလိုက်တာ အုပ်ခွံ့ပဲ ပေးတာ။ အုပ်ခွံ့ပဲ ယူသွားနိုင်တော့တာ။ လူမင်း ဘုန်းကြီး နတ်မင်းမနေနိုင်။ နတ်တွေက နတ်ဩဇာ ထည့် ပေး။ ဟိုရောက် ဖွင့်ပြီးတော့ စားတာ။ စောစောက ပေးပါတော့ဗျာ။ မရှိတဲ့မုန့်က သာလို့ပဲ့ကောင်းတယ်တဲ့။ မရှိတဲ့မုန့်က သာလို့ ကောင်း တယ် တဲ့။ ကဲ လူမင်း ဘုန်းကြီး နတ်မင်း မနေပိုင်။ ယုံကြည်ဖို့ မကောင်းလား။ အဲလို စိစစ်ဖို့ လိုတယ်။ စဉ်းစားနော်။

<u>စေတနာ သုံးတန် ပြတ်ပုံ။</u>

သီလခြံရံတာနဲ့ လောဘခြံရံတာ တူပဲ့မလား။ ခန္ဓာတရား သစ္စာတရား ပဋိစ္စသမုပ္ပါဒ် တရား ကို သိရင် သတိ ပညာ ခြံရံတယ်။ သတိပညာ ခြံရံတော့ကာ လှူသမျှ ဒါန်းသမျှတွေ စဉ်းစားကြ။ ပုဗ္ဗာ၊မုဥ္စ၊ပရ စေတနာ။ စေတနာ သုံးတန်ပြတ်မှ အကျိုး များမယ်ဆိုတာ ကြားဖူးကြရဲ့လား။ စေတနာ သုံးတန် ပြတ်ရမှာနော်။ စေတနာ သုံးတန်ပြတ်အောင် ဘယ်လိုလှူကြမလဲ ဟော့။ ဟင် တောက်လျှောက် ဟောသွားတော့ အဓိပ္ပာယ်ပေါ်မှာ မဟုတ်ဘူးကွဲ့။ အဓိပ္ပာယ် ပေါ်ရင် တစ်လုံး တည်းသိ အကျိုး ရှိတယ်။ တစ်လဟောလို့ မသိ အလကားဘဲ။ ကျုပ်က လည်း မလှူရင် အရှင်း လှူရင် စေတနာ သုံးတန်ပြတ်ပြီးသား။ ကျုပ်က ပြတ်တယ် စေတနာ သုံးတန်။ ရုပ်ကို မေးလိုက် လည်း မသိ။ နာမ်ကို မေးလို့လည်း မသိ ပြတ်တယ်တဲ့ဗျား။ ရုပ်နာမ် မသိဘဲ စေတနာ ဘယ်လို ပြတ်မှာလဲ။ ဟင် စဉ်းစားဦး ပြတ်ပဲ့မလား။ ရုပ်နာမ် မသိ စေတနာ သုံးတန် ပြတ်တယ်။ ပုဂ္ဂိုလ် သတ္တဝါက မပျောက်။ အဲဒါတွေ လိုတယ်။ ကောင်းပြီ တဲ့။

စေတနာ သုံးတန်။ ပုဗ္ဗ၊မုဥ္စ၊ပရ စေတနာ။ အလှူရှင်တွေ ရှာလိုက်ကြစို့။ ဒီနေ့ ကျုပ် ဆွမ်းကျွေး အလှူ ကျုပ် တာဝန်ကျတယ် ။ ကျတယ်ဆိုတော့ ပထမ လှူချင်တဲ့စိတ် ကျွေးချင်တဲ့စိတ် ကလေးက

www.thitsarparamisociety.com



လူလား ပုဗ္ဗစေတနာလား။ ပထမ ပေါ်တာနော်။ ဒါ ပုဗ္ဗစေတနာ ပေါ်တော့ကာ ကျွေးဖို့ မွေးဖို့တွေ မကြံစည်ရပေဘူးလား။ အားလုံး အကုန်လုံး အဆင်သင့်လုပ်ပြီးတော့ ကျွေးဖို့ အဆင်သင့်ထား ရတာ။ ဆီ၊ဆန်၊ဆား၊ ငါးပိ၊ ငရုတ်၊ ကြက်သွန်၊ ချက်စရာ ပြုတ်စရာ အဆင်သင့် လုပ်မထားဘူး လား။ အဲဒါ ပုဗ္ဗစေတနာ။ အဲဒီလို ပြည့်စုံပြီဆိုတော့ ပုဗ္ဗစေတနာက သေသွားတော့တာ ။ စာလို တော့ အနိစ္စ ရောက်တယ်လို့ ခေါ်တာပေါ့။

ပုဗ္ဗစေတနာ သေပြီးတော့ ချက်ပြုတ်ပြီးတော့မှ ဒီနေ့ကိုယ်တိုင် ကပ်မယ်။ သာဟတ္ထိက...။ မုဥ္စ စေတနာလေး ပေါ်လာပြီး အဲဒါ ပုဗ္ဗစေတနာ ရှိ မုဥ္စစေတနာ ပေါ်လို့ရပ့ါမလား။ အာရုံနှစ်ခု ပြိုင်လို့ ရရဲ့လား။ ပုဗ္ဗစေတနာက ကြံစည်ပြီးတော့ ပျက်သွားတယ်။ ပုဗ္ဗစေတနာ တွေ့သလား ။ မရှိတာ တွေ့သလား။ မရှိတာ အနိစ္စ။ သိတာ မဂ္ဂ။ ကဲ မုဥ္စစေတနာ ဝင်လာပြီ။ ငါကိုယ်တိုင် ကပ်မယ်။ သာဟတ္ထိက မြောက်ကပ်တာ။ ကဲ မုဥ္စစေတနာ ...။ ကပ်ပြီးတော့ကာ မုဥ္စ စေတနာလေးက ပျက် မသွားဘူးလား။ ပျက် သွားတော့ကာ ပရစေတနာ ဝင်လာတော့တာ။ ငါ့ အလှူ အထမြောက်ပြီလို့ ဝမ်းမြောက် ဝမ်းသာ ဖြစ် မလာဘူးလား။ အဲဒါ ပရစေတနာ။ ပုဗ္ဗ၊မုဥ္စ၊ပရ စေတနာ။

ကဲ ပထမစေတနာက ပုဗ္ဗစေတနာ က အနိစ္စ။ မရှိတာ အနိစ္စ။ သိတာ မဂ္ဂဆိုတော့ တဏှာ လာသေး ရဲ့လား။ ကဲ မုဥ္စစေတနာက လည်း သာဟတ္ထိက မြောက်ကပ်ပြီးတော့ သူက လည်း ပျက် မသွားဘူး လား။ ကဲ ပျက်တယ်သိတော့ နောက်တဏှာ လာသေးရဲ့လား။ ပရစေတနာက ငါ့အလှူ အောင်မြင် ပြီ အထမြောက်ပြီလို့ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး မပျက်ဘူးလား။ ကဲ အနိစ္စလို့ ...။ သိတာက မဂ္ဂလို့ မပြောဘူးလား။ တဏှာ၊ ဥပါဒါန်၊ ကံ လာသေးရဲ့ လား။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား။ အဲဒါကြောင့်မို့လို့ စေတနာ သုံးတန်ပြတ်ဖို့ ပြောတာ....နော်။ လှူတယ်ဆိုတဲ့ ကိစ္စလည်း စဉ်းစား ကြ။ အပြောတော့ ပြောတတ်တယ် မသိ။

<u>ကုသိုလ်က ပွားရပုံ။</u>

ကဲ အခု ဘုန်းကြီးကို ကြည်ညိုတဲ့ ပုဂ္ဂိုလ် ဥပမာ ဥပမာ။ သင်္ကန်းက.... အင်မတန်ကောင်းတဲ့ သင်္ကန်း။ စီဝိုင်စီထဲ မှာ နံပါတ်တစ်။ ဒီပြင် အသင့်အတင့် စီဝိုင်စီတွေက တစ်သောင်း။ သူက သောင်း ငါးထောင်လောက် ပေးရမယ်။ ဘုန်းကြီးကို ကြည်ညိုလွန်းလို့ ဘုန်းကြီးကို လှူချင်တာ။ အဲ တော့ ဘုန်းကြီးကို လှူတယ် ဆိုကြစို့...နော်။ လှူတဲ့အခါမှာ သံဃဿ ဒေမ။ မြတ်စွာဘုရား ရှိစဉ်က မိထွေးတော် ဂေါတမီ သင်္ကန်း ရက်ပြီးတော့ သား ဘုရားကို လှူမယ်ဆိုလို့ သင်္ကန်းရက် ...။ မိထွေးတော် ဂေါတမီတဲ့ ငါဘုရား တစ်ပါးတည်း လှူတော့ ငါဘုရား တစ်ပါးတည်း ရတာပေါ့။ သိပ် အကျိုး မရှိဘူး။ သံဃာ ကို ရည်မှန်းပြီးတော့ လှူပါတဲ့ ။ သံဃဿ ဒေမ ။ သံဃာ ရည်မှန်း လှူလို့

www.thitsarparamisociety.com



ရှိရင် ငါ ဘုရားလည်း ရတယ်။ သံဃာတွေလည်း ရတယ်။ သမုဒ္ဒရာရေ ဆယ်ဝင်ပုံးနဲ့ ချိန်ကြည့်။ ဘယ်နှစ်ပုံး ရှိမလဲလို့ မမေးဘူးလား။ မရေတွက်နိုင်ဘူးတဲ့။ အဲလို အကျိုး များတယ်။ သံဃာ …လှူပါတဲ့ ။ သံဃသသ ဒေမ။ အဲဒါ ပြောတာ ဆိုတာ ကြားဖူးတယ်။ သိတယ် သဘောမပေါက်။ ဘယ်လိုတွေလဲ။ ဒါဘုန်းကြီးကို ကပ်တယ်။ ဘုန်းကြီးက လက်ခံရပြီ။ အနားမှာရှိတဲ့ ရဟန်း တစ်ပါးကို ရော့ ဘုန်းကြီးက စွန့်လိုက်ပြီ။ လှူလိုက်ပြန်တာ ဟိုကလှူတဲ့လူက ကျေနပ်မလား။ မကျေနပ်ဘူးလား။ မကျေနပ်ဘူးနော်။ အေး ဒါနဘာဝနာ ပေါ့ ဘုန်းကြီးလှူတော့ ဘုန်ကြီး လက်ထဲ ရောက်ပြီ။ သူ့ဟာ ဟုတ်ကဲ့လား။ ဘုန်းကြီးဟာကွဲ့။ ဘုန်းကြီးက ဟိုလှူတော့ သူက သဘော မကျပြီ။ မကျဘူး။ ကဲတဆင့် လှူတော့ကာ ကုသိုလ်တွေ ပွားမလာဘူးလား။ ကုသိုလ်က ပွားရမှာ ကွဲ့။ ခုတော့ သဘော မကျဘူး။ ဟင် စဉ်းစားဦး။ ကိုယ့်စိတ်ကို မေး ကြည့်ကြဦး ဗျား။ အဲလို လေ့လာဖို့ မကောင်းလား။ မေး မေး မေး။ ဒါနဘာဝနာ။ သီလ ဘာဝနာ။ ပွားရတာ ကုသိုလ်တွေတိုး တိုး မနေဘူးလား။ ကုသိုလ်ဆိုတာ ဆင်းရဲတဲ့ တရား လား၊ ချမ်းသာတဲ့ တရားလား။ ချမ်းသာတဲ့ တရားကွဲ့။

ရှေးက သူဌေးကြီးရှိတယ်။ လမ်း မနက်စောစော လမ်း လျှောက်သွားတာ။ ကင်းတဲမှာ အိပ်တော့ ခြေတွေက…ခြေထောက်တွေက ခြေသလုံးတွေမှာ ရွံ့တွေ မြင်တာ။ ဟင် သူဌေးကြီးနှုတ်က ညလူကိုး လို့ပြောပြီးတော့ သွားတော့တာ။ ခေါင်းမြီးခြုံ ဖွင့် ပြီးတော့။ လုပ်ပြီး တော့ ကြည့်တာ သူဌေးကြီးကို မြင်တယ်။ ငါ့ကို ဒီလိုပြောရမလား။ သူဌေးကြီးရဲ့ လယ်ယာ ကိုင်းကျွန်းတွေ စပါးပုံတွေ ကောက်လှိုင်းပုံ တွေ အကုန်မီးရှို့ပစ်တာ။ သူဌေးကြီးရဲ့တဲတွေ အကုန်မီးရှို့ပစ်တာ။ သူဌေးကြီးက အပြုံး မပျက်ဘူး။ အမျိုးမျိုး အနှောင့်အယှက် ပေးတာ မပျက်ဘူး။

အဲသလောက် ရှိတာ သူဌေးကြီး ဆောက်ထားခဲ့တဲ့ မြတ်စွာဘုရား သီတင်းသုံးတဲ့ ကျောင်း ကြီး ။ အဲဒီ ကျောင်းကြီး မီးရှို့တာဗျား ကြားလား။ သူဌေးကြီးက ရပ်ပြီးတော့ ကြည့် တယ်။ ဟာ ကုသိုလ်တွေ တိုးပြန်ပြီ။ ကုသိုလ်တွေတိုးပြန်ပြီတဲ့။ ဝမ်းသာလိုက်တာ။ သူဌေးကြီးမှာ သူ ဆောက်တဲ့ ကျောင်းကြီး မီးလောင်သွားတာလေ။ ကုသိုလ်တွေ တိုးပြီတဲ့။ ကျောင်းမရှိတော့ အသစ် မဆောက်ရဘူးလား။ ဆောက်ရမလား။ ကုသိုလ်တွေ တိုးပြီတဲ့။ ကဲ ကုသိုလ် လျော့သလား တိုးသလား။ ဘုန်းကြီးသာဆို နမြောတာကွာ သိန်းပေါင်း တစ်ထောင်ကျော် မကဘူးနော်။ နမြောတာပေါ့။ ကဲ လှူတာ ပြတ်လို့လား မပြတ်လို့လား။ မပြတ်လို့။ ဟိုမှာ မီးလောင် သွားတာတောင် နမြော နေသေးတာ။ နမြောရင်ကား ရဦးမှာတဲ့လား။ ပြာကျပါပြီး ပြီ ဆိုပါသကိုး နမြောတုန်း ရှိသေးတယ်။ ဟင် စဉ်းစားဖို့ မကောင်းလား။ ကဲစေတနာတွေ အဲလို ပြန်ဆန်းစစ်ဖို့လိုတယ်။ ငါ့အလှူတွေ အသစ်တိုးပြီတဲ့ဗျား။ စဉ်းစားဖို့။ ကုသိုလ် ဆိုတာ … တိုးတာ။

ကဲ ကုသိုလ်တိုးတာ ပြန်စဉ်းစားကြဦးစို့။ ကံ၊ ကံရဲ့ အကျိုးကို ယုံကြည်ရမယ်။ ကုန်သည် အနေနဲ့ ကိုယ်က အကြွေး ပေးထားတာ။ ကိုယ်က တစ်သိန်းဖိုး တစ်ကြိမ် တောင်းလည်း မရ နှစ်ကြိမ် တောင်းလည်း မရ။ သုံးကြိမ် တောင်း မရ။ စိတ်ဆိုးတော့တာ။ စိတ်ဆိုးပြီ။ မင်းတို့ ကိုယ်ချင်းစာဦး ကွဲ့။ အတိုးချထားရင် ခုနေကာ ဘယ်လောက်တိုးမှာ။ မင်းတို့ အခု ခြောက်လ ရှိပြီ။ မင်းတို့ ဘယ်လိုလဲ။ အဲလိုပြောတဲ့အခါ ပေးရမယ့်လူက စိတ်ချမ်းသာမလား စိတ်ပူမလား။ စိတ်ပူတယ် နော်။ ဓာတ်ဘူးထဲ ရေနွေး ထည့်ထားတော့ ပူမလာဘူးလား။ ရေအေး ထည့်တော့ အေးမလာဘူး လား။ ဓာတ်ဗူးပမာဏကဲ့သို့။ စေတနာ အတိုင်း အကျိုး ပေးတယ်။ စိစစ်။ စိစစ်ဖို့ မကောင်းလား။ ကဲ အဲလို ဟိုလူက နောက်ကို ခဏခဏတောင်း။ ရပ့်ရဦး မပေးသေးဘူး ဖော့ စိတ်ဆိုးပြီ။ ကုသိုလ်လား အကုသိုလ်လား။ အကုသိုလ်။

<u>ဦးဘစံ ဒေါ်ကြွယ်အေး။</u>

ဘုန်းကြီးတို့ ဆီမှာ ရှိတယ်။ ဂန့်ဂေါနယ်က ရွာက မွေ့လယ်ရွာ။ အိမ်ခြေ ရှစ်ရာလောက် ရှိမယ်။ ဦးဘစံ ဒေါ်ကြွယ်အေးတဲ့။ ကြွေး တောင်းသွားတာ ကြွေးတောင်း ကြွေးတောင်း သွားတာ ဟဲ့။ အားလုံး နေကောင်းကြရဲ့လား။ နေလို့ ထိုင်လို့ ပြေကြလား။ ဟ စားဝတ်နေရေးက ဘယ်လိုလဲဟဲ့။ ကျန်းမာရေးက ဘယ်လိုလဲဟ။ ဦးလေးရယ် ကျန်းမာရေးလည်း ကောင်းပါတယ်။ စားဝတ်နေရေး က အသင့်အတင့် ဦးလေးကို ပေးရအောင်လို့ ရှာတာလေ ရကိုမရဘူး ဦးလေးရယ် မပေးနိုင် ရှာလို့မရဘူး။ မရတာတော့ မတတ်နိုင်ဘူးဟဲ့။ အဲတာ သောကမစိုက်နဲ့။ ရမှ မရတာ ဘယ် တတ်နိုင်မလဲ။ နင်တို့ စိတ်ချမ်းသာအောင် နေကြ။ ဒီအတွက် သောက မစိုက်နဲ့။

အဲဒီ စကားမျိုးလေး ပြောတော့ ဟိုလူ စိတ်ဆင်းရဲမလား စိတ်ချမ်းသာမလား။ ဓာတ်ဗူးထဲ ရေအေး ထည့်ရသလို နေတာဟဲ့ စဉ်းစားဖို့ မကောင်းလား။ သူ့ဆီက တစ်သိန်း မရဘူး။ နှစ်ချုပ်တာ ။တစ်ခါ နှစ်ချုပ်တာ။ တစ်နှစ်မှာ ဆယ့် ငါးသိန်းလောက် အမြတ်ထွက်တယ်။ သူ့ဆီက တစ်သိန်း မရတော့ ကာ ဆယ့်လေးသိန်းလောက် ရ။ ရမှာပေါ့။ ခုတော့ အဲဒီနှစ် သူ့ဆီကသာ မရတာ သိန်း နှစ်ဆယ်ဗျာ ။ ဟိုမှာ တိုးလာခဲ့သေးတာ။ မလျော့တဲ့ အပြင် တိုးလာခဲ့သေးတာ။ ဟိုမှာကြည့် ။ ကုသိုလ်က ကဲ သူ့စေတနာ အတိုင်း အကျိုးပေး မနေဘူးလား။ အဲလို စိတ်ထားဖို့ လိုတယ်။ ယုံကြည်ဖို့ မကောင်းလား။ ယုံကြည်ဖို့ လိုတယ်။

<u>မဇ္ဈရိယကောသိယ သူဌေး</u>

ရှေးက မစ္ဆရိယကောသိယသူဌေး နမြောကတော့ နံပါတ်တစ်။ ဆာလောင်မွတ်သိပ်လို့ စျေး ထွက်သွားတာ သားရေစာ စားဖို့ မုန့်ပဲသားရေစာ အဝယ်ထွက်သွားတာ ။ ဟိုမုန့်ကိုမေးလိုက်

ဈေးကြီး။ ဒီမုန့်ပျားသလက်ကိုမေးလိုက် ဈေးကြီး။ လျှော့က်နဲ့အောင် မေး။ ရှင်မရေ မဖြစ်ဘူး မဖြစ်ဘူး။ ကိုယ့်အိမ်နဲ့ကိုယ် လုပ်စားတာက တော်လိမ့်ဦးမယ် အိမ်ကို ပြန်မယ် အေး ကောင်း ပါတယ်။ အိမ်မှာလုပ်စားတာပေါ့။ ဟိုရောက်တော့ တစ်အိမ်လုံး အတွက် မဟုတ်ဘူး လား။ တစ်အိမ်လုံးဆို မွဲမှာပဟဲ့။ ငါတို့လင်မယားနှစ်ယောက်လား။ မင်းမပါဘူး။ ငါဘဲ တဲ့။ အားရ တယ်ကွာ။ ငါတို့ လင်မယားနှစ်ယောက် မင်းမပါဘူး ငါဘဲတဲ့။ အဲသလောက် နမြောတာ။ မစ္ဆရိယကောသိယသူဌေး။

အဲတာ မြတ်စွာဘုရားသူ့ကို ချွတ်ရမှာက မြင်တယ်။ အရှင်မောဂ္ဂလာန်ကို သွား မုန့်အလှူခံ လွှတ် တော့တာ။ အလှူခံချေ။ ဈာန်နဲ့ကြွသွားတော့တာ။ ဘုံခုနစ်ဆင့် အပေါ်ဆုံး အထပ်မှာ လူမြင်မှာစိုးလို့ အထက်ဆုံးမှာ သွားကြော်တာ။ အောက်မှာဆို လူမြင်မှာစိုး လို့။ အလှူခံ ရပ်နေတာ။ ကိုယ်တော် ဘယ်လောက်ပဲ့ ရပ်ရပ် ငါမလှူဘူးတဲ့။ ဘယ်လောက်ပဲ့ ရပ်ရပ်။ မလှူရင် ငါ မသွားဘူးတဲ့။ မသွားဘူး တဲ့။ မသွားဘဲ နေတော့တာ။ ဘယ်လိုပဲ့ လုပ်လုပ် ငါ မကြွဘူး။

ရှင်မရေ ဒီကိုယ်တော်ဟာ ကြွမှာ မဟုတ်ဘူး။ သွားသွား ရှားရှက် ခူးချေစမ်း။ ရှားရှက် ရှားရှက် ဆိုတာ သေးသေးလေး လက်သည်းခွံလောက်ပဲ့ မရှိ။ သေးသေးလေး။ သူ့လက်ထဲ ရောက်တော့ အကြီးကြီး ဖြစ်သွားတော့တာ ရှားရှက်က။ မုန့်က သေးသေး ထည့်ကြော်တာ အကြီးကြီး ဖြစ်သွား တော့တာ။ မုန့်တွေက ။ အဲဒါနဲ့ ကဲ ဒီကိုယ်တော်ဟာ မုန့်တွေ ခွာတာ ခွာလို့ကမရပြီ။ လှူရ လောင်းရ အောင်လို့ ခွာတာ။ ခွာလို့က မရ။ မုန့်ဗန်းပါ ချီပြီးတော့ မြတ်စွာ ဘုရား ကျောင်းတော်ကို ခေါ်သွား တော့တာ။

ကျောင်းတော်ရောက်တော့ သံဃာ အပါး ငါးရာကို ပင့်ပြီးတော့ မုန့်ဆီကြော်ဆွမ်း ကပ်တာ ဗျား။ သံဃာတွေ အဝ ဘုဉ်းပေးတာ သံဃာအပါး ငါးရာ မုန့်ဆီကြော်ဆွမ်း ကပ်တာ သူဌေးကြီး မြင်လား။ မြင်တယ်။ စားတာ မြင်တယ်။ ကဲ အဲမှာ သူဌေးကြီး မုန့်ဗန်း လျော့လား။ မလျော့ဘူးတဲ့။ ကုသိုလ်ဟာ အဲသလိုတဲ့ သူဌေးကြီး။ မလျော့ဘူး။ ကုသိုလ်ဆိုတာ လျော့တဲ့ အမျိုး မဟုတ်ဘူးတဲ့။ အကုသိုလ်ကသာ ဒါ ။ အကုသိုလ် ဝင်ရင် ကုသိုလ် လျော့တော့တာ တဲ့။ အကုသိုလ် ဝင်ရင် ကုသိုလ် လျော့တော့တာ။ အဲဒါ ယုံကြည်လို့ အဲဒီနေ့ကစ မစ္ဆရိယကောသိယ သူဌေး ကျွတ်သွား တာ ကြားလား။ အဲဒါ ယုံကြည်ဖို့ မကောင်းလား။

ကဲ အခုလည်း ကိုယ့်ကို ကပ်တာ။ ကိုယ်က တစ်ဆင့် ကပ်လိုက်တာ။ ဟော တိုးလာတော့ တာ။ မတိုးဘူးလား။ တစ်ကြိမ်က နှစ်ကြိမ် ။ နှစ်ကြိမ်က သုံးကြိမ်။ ကုသိုလ်တွေ တိုးနေတာ ဗျား။ လူတွေ

က အဲဒါမသိ ငါသူ့ရည်မှန်းလိုက်ပါတယ် ဆိုသကိုးကွာ။ ဟိုလူစွန့်တာ ငါ မကျေနပ်တာ တဲ့။ မလာဘူး လား။ ဟင်။ အဲဒီလို စဉ်းစားကြ။ ထိထိမိမိ လေ့လာ။

<u>ပရိညာသုံးပါး။</u>

ဒါ ကျွေးချင်တာ မွေးချင်တာ လူ နတ် ပြဟ္မာလား စေတနာလား။ အဲဒီ စေတနာနဲ့ သဟဇာတ ဖြစ်တဲ့ စိတ္တဇ ဝါယော က ရုပ်တရား မရလား။ နာမ်ရုပ် နှစ်ပါးကွဲ့။ လူလား။ နာမ်နှင့် ရုပ် လား။ နတ်လား နာမ်နှင့် ရုပ် လား။ ပြဟ္မာလား နာမ်နှင့် ရုပ် လား။ နာမ်ရုပ်ဘဲ တွေ့တယ်။ ဒီလိုဆို လူစွဲဒိဋ္ဌိ၊နတ်စွဲဒိဋ္ဌိ၊ ပြဟ္မာစွဲ ဒိဋ္ဌိ မပြုတ်လား။ ဒိဋ္ဌိပြုတ်ရင် ပြဟ္မာကြီးလေးဦးက ဖန်ဆင်းတယ်။ ထာဝရဘုရားက ဖန်ဆင်းတယ်၊ ဗိဿနိုးနတ် ဖန်ဆင်းတယ် ယူဦးမလား။ ဝိစိကိစ္ဆာ မချုပ်ဘူးလား။ အာသဝ အနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်ဗျား။ အာသဝ အနေနဲ့ ဒိဋ္ဌာသဝနဲ့ အဝိဇ္ဇာသဝ ချုပ်တယ်။

ဆက်ပြီးတော့ ကြည့်တော့ နာမ်ရုပ်တရား နှစ်ပါးက။ ရုပ်တရားက ဖောက်ပြန်ပြီးတော့ ပျက်။ နာမ်တရားလည်း သိပြီးတော့ ပျက်။ ဖြစ်ပျက်လို့ မဟောလား။ နိစ္စလား။ အနိစ္စလား။ အနိစ္စ မမြဲခြင်းတရားသည် ချမ်းသာတဲ့ တရားလား။ ဆင်းရဲတဲ့ တရားလား။ ဆင်းရဲတဲ့တရားကို သုခလို့ ခေါ်မလား၊ ဒုက္ခလို့ ခေါ်မလား။ ဤဒုက္ခတရားကို ပိုင်သူရှိရဲ့လား။ သတ္တဝါအလိုသို့ လိုက်ကဲ့လား။ အကြိုက်သို့ ပါရဲ့လား။ အနတ္တလို့မဟောလား။ကဲ အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တယ်နော်။ အဲလို စိစစ်ဖို့ မကောင်းလား။

ကဲ အနိစ္စတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ လိုတယ်။ ဒုက္ခတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ လိုတယ်။ အနတ္တတရားနဲ့ နာမ်ရုပ်နဲ့ ပိုင်းခြားဖို့ လိုတယ်။ အနိစ္စတရား တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ ဒုက္ခတရား တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ အနတ္တတရား တွေ့တဲ့အခါ နာမ်ရုပ် တွေ့သေးရဲ့လား။ တီရဏပရိညာ။ နာမ်ရုပ်ကို တွေ့တဲ့အခါ လူနတ်ပြဟ္မာ တွေ့ရဲ့ လား။ ဉာတပရိညာ။ အဲဒီ ဉာတပရိညာ မပါလို့ ဆန္ဒ ရဟန်း လေးဆယ့်ငါးနှစ် အားထုတ်တာ ဒိဋ္ဌိ ပြုတ်ရဲ့လား။ အဲဒါ ဖြစ်ပျက်တော့ လုပ်တာပဲ။ အနိစ္စ၊ဒုက္ခ၊အနတ္တ ဒိဋ္ဌိက မပြုတ် ငါ မပြုတ်တော့ကာ ကဲ တဏှာသတ် ဖြစ်သွားတာပေ့ါ။ ငါပြုတ်ဖို့ အရေးကြီးတယ်နော်။ အဲလို စိစစ်ဖို့ မကောင်းလား။ ကဲ အနိစ္စ၊ဒုက္ခ၊အနတ္တ တွေ့တဲ့အခါ နာမ်ရုပ် မတွေ့၊နာမ်ရုပ်ကို တွေ့တဲ့အခါ လူ၊နတ်၊ပြဟ္မာ မတွေ့ ဉာတပရိညာ။

တွေ့တာက နာမ်နဲ့ရုပ်၊ ထင်တာက လူ၊နတ်၊ပြဟ္မာ။ တွေ့တာက နာမ်နဲ့ရုပ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ့တဲ့အခါ နာမ်နဲ့ရုပ် မတွေ့။ တွေ့တာ အနိစ္စ တွေ့တယ်၊ ဒုက္ခ တွေ့တယ်၊ အနတ္တ တွေ့တယ်။

တီရဏပရိညာ။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ စုလိုက်တော့ ဖြစ်ပျက်လို့ မဟော လား။ ဘာသစ္စာလဲ။ ဒုက္ခသစ္စာ အမှန်သိတာ ယထာဘူတဉာဏ်လို့ မဟောဘူးလား။ ဆင်းရဲတာက လွဲလို့ ခန္ဓာမှာ ဘာများ ရှိသေးသလဲ။ ဆင်းရဲတာက လွဲလို့ မတွေ့ဘူးနော်။ ဒါ အမှန် အတိုင်း သိတာ ယထာဘူတ ဉာဏ်ပေါ့။

ဒုတိယ ဆက်ပြီးတော့ ကြိုးစား၊ ဖြစ်၊ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ သြော် ဒုတိယ ဒုက္ခသစ္စာ ပေါ့၊ ကဲ ဒုတိယကျတော့ အသိဉာဏ်က ရင့်လာပြီ။ ခန္ဓာက လွတ်ချင်တဲ့ စိတ်တွေ ခန္ဓာက ကျွတ်ချင်တဲ့ စိတ်တွေ မပေါ်လား။ နိဗ္ဗိန္ဒဉာဏ်လို့ မဟောလား။ ဟော ခန္ဓာက လွတ်ချင်တဲ့စိတ်၊ ကျွတ်ချင်တဲ့စိတ်တွေ ပေါ်ပြီနော်။ နိဗ္ဗိန္ဒဉာဏ် အဲသည့် ပုဂ္ဂိုလ်ဟာ အပြော အဆို၊ အနေ အထိုင် တွေ အခါတိုင်းနဲ့ တူရဲ့လား။ အင်မတန် နူးညံ့သိမ်မွေ့ သွားပြီနော်။ လောကကြီးကို ပျင်းမုန်း ငြီးငွေ့ပြီ ၊ကြားလား။ အပြောအဆို၊ အနေအထိုင် တစ်မျိုး ပြောင်းလာတယ်။ အနေအထိုင်တွေ ပြောင်းလာတယ်။ နိဗ္ဗိန္ဒဉာဏ်။

တတိယ ဆက်ပြီးတော့ ကြိုးစား ဖြစ်ပျက်ပဲ မတွေ့လား။ ဘာသစ္စာလဲ။ သြော် ဒုက္ခသစ္စာပဲ တွေ့တယ်နော်။ ခြေစ ခေါင်းဆုံး တစ်ကိုယ်လုံး ရှာချင်သလို ရှာ သုခ ဆိုတာ အပ်ဖျား တစ်ထောက် စာမျှ တွေ့ရဲ့လား။ တစ်ထောက်စာ အပ်ဖျား တစ်ထောက်စာမျှ သုခ မတွေ့ တာ ရှိလို့လား၊ မရှိလို့လား။ မရှိရင် ဒုက္ခအတိလို့ မပိုင်းခြားလား။ ပိုင်းခြားလိုက်တဲ့ အချိန် သမ္မာဝါစာ- သမ္မာကမ္မန္တ- သမ္မာအာဇီဝ သီလမဂ္ဂင် သုံးပါး မဝင်လား။ ရှုဉာဏ်ငါးပါးနဲ့ ပေါင်း လိုက်တော့ ရှစ်ပါး မပြည့်လား။ ရှစ်ပါး ပြည့်တဲ့အချိန် ခန္ဓာငါးပါး တွေ့သေးရဲ့လား။ ဖြစ်ပျက်ကား တွေ့သေးရဲ့လား။ လောကုတ္တရာလို့ မဟောလား။ အဲဒါ သမုစ္ဆေဒသီလ၊ ကဲ ဘယ်လောက်များ အားရစရာ ကောင်း သလဲ။

သောတာပတ္တိမဂ်-သောတာပတ္တိဖိုလ် ဘာတွေ ပယ်တာလဲ စိစစ်ဖို့ မကောင်းလား။ အနုသယ ကိလေသာ ပယ်တာ။ ဘယ် အနုသယလဲ။ ဒိဋ္ဌိ- ဝိစိကိစ္ဆာ ဆိုတဲ့ အနုသယ ကိလေသာ ပယ်တော့ ပရိယုဋ္ဌာန မနောကံ လာသေးရဲ့လား။ မနောကံမလာတော့ ဝီတိက္ကမ ကာယကံ၊ ဝစီကံ လာသေးရဲ့လား။ မလာရင် အပါယ်သွားတဲ့ ကံတွေ မကုန်လား။ အပါယ်ခန္ဓာဇာတ် မသိမ်းလား။ ပဟာနပရိညာ။ -ဉာတပရိညာ -တီရဏပရိညာ- ပဟာန ပရိညာ- ဤဉာဏ် သုံးဉာဏ်ရတဲ့ ပုဂ္ဂိုလ် အနမတဂ္ဂ သံသရာက စ ပါဏာတိပါတ ကံနဲ့ အသက် မွေးခဲ့တာ၊ အဒိန္နာကံနဲ့ အသက် မွေးခဲ့တာ၊ ကာမေသုမိစ္ဆာစာရကံနဲ့ အသက် မွေးခဲ့တာ၊ မုသာဝါဒကံနဲ့ အသက် မွေးခဲ့တာ၊ သုရာမေရယကံနဲ့ အသက် မွေးခဲ့တာ ၊ အကုသိုလ်  ကံဟောင်း ကြွေးဟောင်း၊ အနန္တတွေ- အကျိုးပေး ခွင့်ရသေးရဲ့

www.thitsarparamisociety.com



လား။ အကုန်လုံး အဟောသိကံ ဖြစ်မသွားလား။ ဤနေရာ ရောက်အောင် ကြိုးစား အားထုတ်ဖို့ လိုတယ်နော်- သိမှ ပယ်တာ၊ မသိ ပယ်နိုင်ပါ့မလား။

<u>သက္ကာယဒိဋ္ဌိပြုတ်ဖို့ အဓိကဖြစ်ပုံ။</u>

ကဲ သီရိဓမ္မာသောက မင်းကြီးတို့ ဒါန အရာမှာ ရှာရင်ရှား- သီလဘက်က ရှာရင်ရှား ၊ သေခါနီး ဆဲဆဲမှာ သူ့စိတ်ထဲမှာ ကုက္ကုစ္စနီဝရဏ ဝင်ပြီးတော့၊ သံသယတွေ ဖြစ်ပြီးတော့ မောဟစိတ်နဲ့ ဝိညာဏ် ချုပ်သွားတာ အပါယ်လေးရွာမှာ စပါးကြီးမြွေ သွားဖြစ်ရတယ်။ ကဲ သူလှူခဲ့တဲ့ ဒါနကို လည်း သတိမရ ၊ထိန်းသိမ်းခဲ့တဲ့ သီလလည်း သတိမရ၊ လှူခဲ့ဒါန်းခဲ့တဲ့ ဒါနကို သတိရမယ်၊ သီလကို သာ သတိရမယ် ဆိုရင် နတ်ပြည်မှာ နံပါတ်တစ်ပေါ့ကွဲ့။ အခု တော့ သားတော် မဟိန္ဒ၊ သမီးတော် သံဃမိတ္တာက အာသဝေါ ကုန်ပြီးသား ရဟန္တာတွေမို့လို့ ဖခမည်းတော် သတ္တဝါတွေ ဖမ်းမယ်၊ စားမယ်၊ မျိုမယ်ဆိုရင် အပါယ်ကျတော့မှာ၊ ငရဲရောက် တော့မှာ၊ ငရဲရောက်ခါ ငါတို့ မတတ်နိုင်ဘူး။ အဲဒါ လူ့စိတ်က မပျောက်သေးတော့ သတိရပြီး တော့ မဖမ်း၊ မစားတော့ကာ အစာပြတ်ပြီးတော့ မသေဘူးလား။ အဲဒီမှာ နတ်ပြည်မှာ သွား နတ်သား ဖြစ်တယ်။ ခုနစ်ရက်လောက်တော့ ခံလိုက်ရ သေးတယ်။ သားတွေ၊ သမီးတွေက သတိပေးလို့ ။ သတိမပေးရင် ငရဲကျမှာပေါ့။ အဲလို စိစစ်ဖို့ မကောင်းလား။

အင်္ဂုလိမာလကြီးကျ လူသတ် ယောက်ျားကြီး အပြစ်မကြီးဘူးလား။ တိရစ္ဆာန်သတ်တာ ထက် အပြစ် ကြီးတယ်နော်။ သစ္စာတရား၊ ခန္ဓာတရား ၊ပဋိစ္စသမုပ္ပါဒ် တရားကို မြတ်စွာဘုရား ဟောတဲ့ အခါ ဟော သောတာပန် မတည်ဘူးလား။ လူ သတ်သေးသလား။ ဆက်ပြီး တော့ ကြိုးစားတာ သကဒါဂါမ်၊ အနာဂါမ် ၊ ရဟန်း ကိစ္စ မပြီးလား။ သူပြုတဲ့ အကုသိုလ်ကံတွေ အကျိုးပေးခွင့် ရသေးရဲ့လား။ အဲသလို ဆိုတော့ သက္ကာယဒိဋ္ဌိ ပြုတ်ဖို့ အဓိကပဲနော်။ အဲဒါ သိအောင် ကြိုးစားကြ။

ကဲ ကြားဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ ။ (ဒုက္ခသစ္စာ ပါဘုရား။) သိတာက ---- မဂ္ဂသစ္စာ။ (မဂ္ဂသစ္စာ ပါဘုရား။) သေတာက ----သမုဒယသစ္စာ။ (သမုဒယသစ္စာ ပါဘုရား။) နောက်ခန္ဓာ မလာတာ...(နိရောဓသစ္စာ ပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ် နှစ်ကွက်ရှိ။ (လေးကွက် ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။(ငါးပါးပါ ဘုရား။)ငါး လေးလီ...။(နှစ်ဆယ်။) ဤရှစ်သွယ်ကို ။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု ။

www.thitsarparamisociety.com